မော်စီတုန်း



# စစ်ရေးကြောက်စောင်တွဲ

တင်ထွန်းနိုင်

# စာအုပ်အကြောင်း

ဤစာအုပ်ကို ၁၉၆၇ ခုနှစ်တွင် တရုတ်နိုင်ငံခြားစာပေ ထုတ်ဝေရေးဌာနမှ ထုတ်ဝေခဲ့သော မူရင်း "မော်စီတုန်း လက်ရွေးစင်ကျမ်း" တွဲ ၁၊ တွဲ ၂၊ တွဲ ၃၊ တွဲ ၄ ပါ စာတမ်းများ နှင့် ၁၉၆၆ ခုနှစ်၊ ဇန်နဝါရီလတွင် ပင်မရေစီးစာပေမှ ထုတ်ဝေခဲ့သော မောင်ရဲလင်း မြန်မာပြန်ဆိုသော 'မော်စီတုန်း၏ ပြည်သူ့စစ်ပွဲ သေနင်္ဂဗျူဟာနှင့် လက်တွေ့တိုက်ပွဲများ 'စာအုပ်ပါ စာတမ်းတို့ ကို ညှိနှိုင်းတိုက်ဆိုင်ကာ ပြန်လည်တည်းဖြတ် ထုတ်ဝေခြင်း ဖြစ်ပါသည်။

# တရုတ်ပြည်တော်လှန်ရေးစစ်ပွဲ၏
# သေနင်္ဂဗျူဟာပြဿနာများ
# ( ၁၉၃၆ခုနှစ်ဒီဇင်ဘာလ )

ဒုတိယပြည်တွင်းတော်လှန်ရေးစစ် အတွေ့အကြုံများကို ပေါင်းစုသုံးသပ်ရန်အတွက် ဤဆောင်းပါးကို ရဲဘော်မော်စီတုန်းက ရေးသားခဲ့ခြင်း ဖြစ်၏။ ဤဆောင်းပါးကို အခြေခံကာ 'ရှိန်ရှီးပြည်နယ်မြောက်ပိုင်း'ရှိ တပ်နီတော်တက္ကသိုလ်တွင် လည်း ဟောပြောခဲ့၏။ ဤဆောင်းပါးကို အခန်း(၅)သာ အပြီး ရေးသားနိုင်ခဲ့ပြီး သေနင်္ဂဗျူဟာထိုးစစ်၊ နိုင်ငံရေးလုပ်ငန်းနှင့် အခြားပြဿနာများကို 'မူရှီးအန်းအရေးအခင်း'ဖြစ်ပွားသဖြင့် ဆက်ရေးချိန်မရတော့ဘဲ ချန်လှပ်ထားခဲ့ရသည် ။

ဤ ဆော င်း ပါး မှာ ဒုတိယပြည်တွင်း တော်လှန်ရေးဖြစ်စဉ်က စစ်ရေးပြဿနာများ နှင့် ပတ်သက်၍ ပါတီတွင်း၌ အကြီးအကျယ် အငြင်းပွားခဲ့ရခြင်း၏ ရလဒ် ဖြစ်၏။ လမ်းစဉ်တစ်ခုက အခြားလမ်းစဉ်တစ်ခုကို ဆန့်ကျင်သည့် အယူအဆများကို ဖော်ပြခြင်းလည်း ဖြစ်၏။ ယင်းအချေအတင် အငြင်းပွားမှု ၁၉၃၅ ခုနှစ်၊ ဇန်နဝါရီလတွင် 'စွင်းယိမြို့'၌ ကျင်းပသော ပါတီဗဟိုအစည်းအဝေးမှ ရဲဘော်မော်စီတုန်း၏ အယူအဆများကို အတည်ပြု၍ မှောက်မှားသော လမ်းစဉ်ကို ပယ်ချခြင်းဖြင့် စစ်ရေးလမ်းစဉ်နှင့် ပတ်သက်သော

အငြင်းပွားမှုကို နိဂုံးချုပ်လိုက်၏။

၁၉၃၅ ခုနှစ်၊ အောက်တိုဘာလတွင် ပါတီဗဟိုသည် ရှန်ရှီးပြည်နယ် မြောက်ပိုင်းသို့ ရွှေ့ပြောင်းသွား၏။ ထိုနှစ် ဒီဇင်ဘာလတွင် ရဲဘော်မော်စီတုန်းသည် ဒုတိယ ပြည်တွင်းတော်လှန်ရေး စစ်အတွင်းက ပါတီ၏ နိုင်ငံရေးလမ်းစဉ်နှင့် ဆိုင်သောပြဿနာများကို "ဂျပန်နယ်ချဲ့သမားကို ဆန့်ကျင်တိုက်ခိုက်ရေး နည်းပရိယာယ်" ဟူသော မိန့်ခွန်းတွင် စနစ်တကျ ဖြေရှင်းခဲ့၏။ နောက်နှစ် ၁၉၃၆ ခုနှစ်တွင် ရဲဘော်မော်စီတုန်းသည် ဤဆောင်းပါးဖြင့် တရုတ်ပြည်တော်လှန်ရေးစစ်၏ သေနင်္ဗျူဟာ ပြဿနာများကို စနစ်တကျ ရှင်းပြခဲ့လေသည် ။